ကော့မံဖယ်ကျေးရွာ၊ အီပြစ်ကျေးရွာအုပ်စု၊ ပေါင်မြို့နယ် ၊ မွန်ပြည်နယ်တွင် နေထိုင်၍ လယ်ယာစိုက်ပျိုး ရေးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုနေသော တောင်သူ (၈၀)ကျော် တို့၏ ဘိုးဘွားပိုင်စဉ်ဆက် စိုက်ပျိုးလုပ်ကိုင်စားသောက်နေသော ကွင်းအမှတ် (၉၆၃) ကွင်းအမည် ကော့မံဖယ်ကွင်း လယ်ယာမြေ (၃၆၀)ဧက ကို (၁၉၈၄)ခုနှစ်တွင် ပြည်နယ်ဖွံ့ဖြိုးရေးအတွက်ဟုဆိုကာ ဗိုလ်မှူးမျိုးခင် မှ သိမ်းဆည်းသွားပြီး သိမ်းဆည်းခံရသော လယ်ယာမြေများအား ပ.လ.ဖမှ သီဟိုလ်ပင်များ စိုက်ပျိုးခဲ့ရာ စီမံကိန်းအောင်မြင်ခြင်း မရှိသဖြင့် အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ စက်မှုကုန်ကြမ်းသီးနှံ စိုက်ပျိုးရန်အတွက် ဆက်လက် သိမ်းဆည်းပြီး မည်သည့်သီးနှံမှ စိုက်ပျိုးခြင်းမရှိဘဲ တောင်ရိုးသဖွယ်ပစ်ထားသဖြင့် လယ်ယာမြေ သိမ်းဆည်းခံရသော ကျေးရွာသူရွာသားများသည် စီးပွားရေးကြပ်တည်းလာ၍ အလုပ်လက်မဲ့များဖြစ်နေသောကြောင့် ထွန်ယက် စိုက်ပျိုးလုပ်ကိုင်ရန်အတွက် (၂၀၁၃)ခုနှစ်တွင် မိမိတို့ ပိုင်လယ်မြေပေါ်တွင် ပေါက်ရောက်နေသော ခြုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခဲ့ရာ အမှတ်(၂) စက်မှုဝန်ကြီးဌာန စက်မှုကုန်ကြမ်းသီးနှံစိုက်ပျိုးရေး စိုက်ကွင်းတာဝန်ခံ ဦးခင်မောင်ထွေးမှ ပေါင်မြို့နယ် တရားရုံးတွင်မူလလယ်ပိုင်ရှင်များအား ပုဒ်မ(၄၄၇) ဖြင့် တရားစွဲဆိုခြင်းကို ပြုလုပ်ခဲ့ခြင်းကြောင့် မိမိတို့ လယ်မြေများပေါ်တွင် ပြန်လည်လုပ်ကိုင်ခွင့် ရှိရန် နေပြည်တော် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော်နာယက သူရဦးရွှေမန်းသို့တောင်သူလယ်သမားများက စာပေးပို့ထားသည်။